# ၁၆ ကြိမ်မြောက် တနင်္ဂနွေနေ့ နှစ် (ခ)

ယေရမိ ၂၃း၁–၆၊ ဧဖက် ၂း၁၃–၁၈၊ မာကု ၆း၃၀–၃၄

ခရစ်ယာန်ဘဝအသက်တာဆိုတာ ဆုတောင်းခြင်းနဲ့ လုပ်ကိုင်ဆောင်ရွက်ခြင်း နှစ်ခုစလုံးပေါင်းစပ်ထားသောအသက်တာဖြစ်ပါတယ်။ ခရစ်ယာန်ဘဝအသက်တာဆိုတာ ဘုရားရှေ့မှာလဲရှိရမယ်၊ လူရှေ့မှာလဲရှိရမယ်။ ဘုရားရှေ့မှာရှိတယ်ဆိုတာ ဆုတောင်းခြင်းအသက်တာကိုပြောတာဖြစ်ပါတယ်။ ဆုတောင်းခြင်းဆိုတာ ဘုရားရဲ့အသံကိုနားစွင့်ခြင်းနဲ့ ဘုရားနဲ့ပြန်လည်စကားပြောဆိုခြင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့မှာ ရှိလေ့ရှိထရှိတဲ့ပြဿနာတခုက ကျွန်ုပ်တို့ကိုစကားပြောဆိုဘို့အတွက် ဘုရားကို အခွင့်အခါမပေးခြင်း၊ အချိန်မပေးခြင်းဘဲ ဖြစ်ပါတယ်။ ဘယ်လိုတိတ်ဆိတ်ငြိမ်သက်ရမှာလဲ၊ ဘယ်လိုဘုရားရဲ့အသံကိုနားထောင်ရမယ်ဆိုတာလည်း ကျွန်ုပ်တို့ဘက်က ကောင်းစွာမသိကြပါဘူး။ ဝိညာဉ်ရေးဆိုင်ရာခွန်အားတန်ခိုးတွေနဲ့ ကျွန်ုပ်တို့ကို ပြန်လည်အားဖြည့်ပေးဘို့ ဘုရားကို ကျွန်ုပ်တို့ ငြင်းပယ်တတ်ကြပါတယ်။ ဘုရားကကျွန်ုပ်တို့ကိုစကားပြောဘို့ ဘုရားကိုလည်းကျွန်ုပ်တို့ပြန်လည်တင်ပြပြောဆိုဘို့ ဘုရားအတွက်လုံလောက်တဲ့အချိန်ကိုလည်း ကျွန်ုပ်တို့ မထားတတ်ကြဘူး ဆိုတာဖြစ်တတ်ပါတယ်။ ဘုရားနဲ့အဆက်အသွယ်မရှိရင် လေးလံတဲ့ဘဝရဲ့ဝန်ထုတ်ဝန်ပိုးတွေကို ထမ်းရွက်ဘို့အတွက် ဘယ်လိုဖြစ်နိုင်မှာလဲဆိုပြီး ဝိညာဉ်ရေးဆိုင်ရာဆရာသမားတွေက မေးမြန်းထားပါတယ်။ ဘုရားကိုမမှီခိုမအားထားဘူးဆိုရင် ဘုရားရဲ့အလုပ်ကို ဘယ်လိုလုပ်နိုင်မှာလဲ။ တခါ–တဦးတယောက်ထဲသော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း၊ သာသနာအသင်းအဖွဲ့အနေနဲ့သော်လည်းကောင်း ဆုတောင်းခြင်းမပြုရင်၊ မဋ္ဌားတရားတော်မှာ ပါဝင်ပူဇော်ခြင်းမပြုဘူး၊ စက္ကရင်မင်တူးများကိုလည်း မှန်မှန်မခံယူဘူးဆိုရင် လိုအပ်တဲ့အင်အားတန်ခိုးတွေကို ဘယ်လိုရရှိနိုင်မှာလဲ။

နောက်ပြီး ဖြစ်တတ်တာက လူတွေကိုရှောင်နိုင်ဘို့အတွက် ဘုရားရှေ့မှာအမြဲနေမယ်။
လူတွေကိုရှောင်နိုင်ဘို့အတွက် တနေ့လုံးကိုယ်တော်မြတ်ဖူးပစ်လိုက်မယ်။
ဒါလည်းမဟုတ်သေးပါဘူး။ ဒီကနေ့ဝေံဂေလိကျမ်းအရဆိုရင်
ခရစ်ယာန်ဘဝအသက်တာဆိုတာ ဆိတ်ကွယ်ရာမှာ ဘုရားနဲ့ပေါင်းစပ်ပြီး
ခွန်အားများရယူကာ လူသူထူပြောတဲ့နေရာတွေမှာ
လူတွေကိုထိရောက်စွာအစေခံဘို့ဖြစ်ပါတယ်။

သာသနာတော်ကြီးမှာ တာဝန်နှစ်မျိုးနှစ်စားရှိပါတယ်။ သင်ကြားခြင်းနဲ့
ကျွေးမွေးခြင်းဆိုတာ ဖြစ်ပါတယ်။ ဒီအရာနှစ်ခုကို (Balance)
ဟန်ချက်ညီညီနဲ့လုပ်နိုင်ဘို့ ဒီကနေ့ ကျွန်ုပ်တို့မှာ အခက်အခဲတွေ့ရတတ်တယ်။
တချို့လူတွေအတွက် ခရစ်တော်ကို လောကမှာသက်သေခံတဲ့နေရာမှာ
ခန္ဓာအတွက်လိုအပ်ရာများ Social Ministry ကို
လုပ်ဆောင်ပေးရင်ပြီးပြည့်စုံပြီးဆိုပြီး လက်ခံကြပါတယ်။ တချို့ကျတော့
ခရစ်တော်အကြောင်းကိုကြေငြာတယ်ဆိုတာ ကျွေးမွေးခြင်းနဲ့ကူသခြင်းထက်
ဒေနာတရားတော်ကိုဟောကြားခြင်းက အရေးပါဆုံးဖြစ်ပါတယ်
ဆိုပြီးခံယူကြပါတယ်။ နှစ်ခုစလုံးက တဖက်စွန်းတွေကြီးဘဲဖြစ်ပါတယ်။
ဘုရားရဲ့နှုတ်ကပတ်တော်ကို သင်ကြားပေးခြင်းဟာ မရှိမဖြစ်လိုအပ်သလို
ဒုက္ခအခက်အခဲနဲ့ ရင်ဆိုင်တွေ့ကြုံရတဲ့လူများအတွက်
လူမှုရေးအရသော်လည်းကောင်း၊ ခန္ဓာအတွက်သော်လည်းကောင်း၊
ဘာသာဝင်မဟုတ်သူများကိုတောင်မှ အစရှိတဲ့လိုအပ်သူများကို
ကူညီဖေးမဘို့အတွက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒီနေ့ကျမ်းပိုဒ်ဟာ ကောင်းသောသိုးထိန်းကိုသတိရစေပါတယ်။
ကောင်းသောသိုးထိန်းဆိုတာ ကြင်နာတတ်သောသူ a man of compassion
ဖြစ်ရမှာဖြစ်ပါတယ်။ တပါးသူရဲ့ခံစားမှုကို ဝင်ရောက်ခံစားတတ်ရမှာ ဖြစ်ပါတယ်။
ဘာဖြစ်လို့လူတွေက ကြောက်ရွံ့တုန်လှုပ်နေကြရသလဲ။ ခံစားတတ်ရမယ်။ လူတွေရဲ့
ဝိညာဉ်အတွက်လိုအပ်ချက် ခန္ဓာအတွက်လိုအပ်ချက် ငြိမ်းချမ်းစွာ
ကြည့်ရှုစောင့်ရှောက်ခြင်း လမ်းညွှန်ခြင်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်မှာ အမှန်တရားကိုရှာဖွေတဲ့လူ များစွာရှိပါတယ်။
လမ်းညွှန်ခြင်းကိုဆာငတ်တဲ့သူများလည်း များစွာရှိပါတယ်။
မိမိတို့သားသမီးတွေရဲ့အနာဂတ်အတွက် ပူဆွေးသောကရောက်ပြီး စိတ်မှာဖျားနာတဲ့
မိဘတွေ၊ လုပ်အကိုင်မရှိလို့ လူ့ဂုဏ်သိက္ခာပါမရှိတော့တဲ့သူတွေ၊ တဦးတယောက်ထဲ
မိမိရဲ့ဘဝအခက်အခဲတွေကိုရင်ဆိုင်နေရတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊
အဖော်မရှိအထီးကျန်စွာနေရတဲ့ သက်ကြီးရွယ်အိုများ၊ အားကိုးအားထားရမဲ့သူများ
(ဥပမာ—နိုင်ငံရေးခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေကို) သူတို့ကို
ကောင်းမွန်စွာ အားမကိုးရဘဲ ဘဝမှာ ရှုပ်ထွေးခြင်းနဲ့ ရင်ဆိုင်နေရတဲ့သူများ၊
ဒါအပြင် ဘဝရဲ့အဓိပ္ပာယ်၊ ဘဝရဲ့အဖြေကို ရှာဖွေနေတဲ့လူတွေ များစွာရှိပါတယ်။
ဒီလူတွေဟာ သိုးထိန်းမရှိသောသိုးများကဲ့သို့ ဖြစ်ကြပါတယ်။ ဒီလိုသောသူများဟာ
ခရစ်တော်ရဲ့စိတ်ဓါတ်နဲ့ပြည့်ဝတဲ့ ကောင်းသောသိုးထိန်းကို အလိုရှိတဲ့သူများ
ဖြစ်ကြပါတယ်။ (ထိန်းသိမ်း၊ ကြည့်ရှု၊ စောင့်ရှောက်၊ ကျွေးမွေးပြုစု၊ သင်ကြား၊ ကုသ၊
လမ်းညွှန်၊ ဆုံးမ၊ ပဲ့ပြင် အစရှိတဲ့ တာဝန်တွေကို ထမ်းဆောင်ရတဲ့သူတိုင်းဟာ
ကောင်းသောသိုးထိန်းရဲ့လုပ်ငန်းတာဝန်ကို ခွဲဝေရယူကြရတဲ့သူတွေဘဲဖြစ်ပါတယ်။

(freedom) ဒါတွေကိုထိရောက်အောင်လုပ်ဆောင်နိုင်ဘို့ အနားယူခြင်းနဲ့
အသစ်တဖန်မိမိကိုယ်ကိုပြန်လည်ပြုပြင်ခြင်း ဆိုတာကိုလိုအပ်ပါတယ်။

ငါ့မှာဘုရားရှိခိုးဘို့တောင်အချိန်မရှိဘူး ဆိုတဲ့အသံ၊ ဘုန်းကြီးရဟန်းဆီမှာရော၊
သီလရှင်တွေဆီမှာရော၊ ဘာသာသူတွေကြားထဲမှာပါ မကြာခဏကြားရပါတယ်။
တဖက်မှာကျတော့ ရုပ်မြင်သံကြားကြည့်မဲ့အချိန်၊ ရုပ်ရှင်ရုံကိုသွားတဲ့အချိန်၊
ဖုန်းတွေကိုပွတ်ရတဲ့အချိန်၊ ဒါတွေအတွက် ကျွန်ုပ်တို့အချိန်အများကြီးပေးတာကို
တွေ့ရပါတယ်။ သတင်းတွေကြည့်ဘို့၊ ဖတ်ဘို့၊ ဈေးဝယ်ဘို့၊
သူတပါးအတင်းအဖျဉ်းပြောဘို့၊ အချိန်အများကြီးရှိတယ်ဆိုပေမဲ့၊ ဘုရားရှိခိုးဘို့၊
နှုတ်ကပတ်တော်ကိုနာခံ ထောက်ရှုဘို့၊ ကျွန်ုပ်တို့ရဲ့အမြင်ကို
အသစ်ဖြစ်အောင်ပြုပြင်ဘို့ကျတော့ အချိန်မရှိဘူးဖြစ်နေတတ်ပါတယ်။

ကောင်းသောသိုးထိန်းများဖြစ်ရမယ်ဆိုတော့ မကောင်းသောသိုးထိန်းကော
ရှိလို့လား။ ဒီကနေ့ ပထမကျမ်းမှာ ပရောဖက်ယေရမိက ဆိုထားပါတယ်။

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ့ထံမှာကျက်စားသောသိုးတို့ကိုဖျက်ဆီး၍ အရပ်ရပ်သို့ကွဲပြားစေသောသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ (ယေရမိ ၂၃း၁)

သင်တို့သည် ငါ၏သိုးစုတို့ကိုမကြည့်ကြ။ မပြုစု၊ အရပ်ရပ်၌ကွဲပြားစေ၍ နှင်ထုတ်သောကြောင့်၊ သင်တို့ပြုသော ဒုစရိုက်အပြစ်ကို သင်တို့အပေါ်သို့ငါသက်ရောက်စေမည် ဟု ထာဝရဘုရား မိန့်တော်မူ၏။ (ယေရမိ ၂၃း၂)

ဒီကနေ့ဒီအချိန်မှာ ကောင်းသောသိုးထိန်းနဲ့လက်တွဲပြီး ကွဲလွင့်နေတဲ့ သိုးများကိုပြန်လည်စုစည်းဘို့၊ အတားအဆီးဖြစ်နေတဲ့နံရံတွေကိုဖြိုဖျက်ရမှာဖြစ်ပါတယ်။ မတူညီတဲ့လူမျိုးစုများကြောင့်သော်လည်းကောင်း၊ မတူညီသော ကွဲပြားသောယုံကြည်ကိုးကွယ်မှုကြောင့်သော်လည်းကောင်း၊ လူနေမှုအဆင့်အတန်းမတူသောကြောင့်လည်းကောင်း၊ ဒီလူများအားလုံးကို တပါးတည်းသောသခင်ရဲ့အုပ်စိုးမှုအောက်မှာ ပြန်လည်စုစည်းနိုင်ဘို့ ကျွန်ုပ်တို့ ဖိတ်ခေါ်ရမယ်။ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ထိုသို့လုပ်ဆောင်နိုင်မှသာလျှင် ခရစ်တော်ရဲ့ ငြိမ်းချမ်းသာယာခြင်းဟာ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးစိတ်ဝိညာဉ်ထဲမှာ၊ ကျွန်ုပ်တို့ရဲ့အသိုင်းအဝိုင်းထဲမှာ၊ ကျွန်ုပ်တို့ရဲ့သာသနာမှာ အခြေခိုင်လာမှာ ဖြစ်ပါတယ်။

ဘာသာသူအယောက်တိုင်း ဘုရားနဲ့ပေါင်းစပ်ခြင်းနှင့် အစေခံခြင်းကို ညီမျှစွာ (Balance) လုပ်ဆောင်နိုင်ပါစေ။